## Apple စက်များအတွက် အော့ဖ်လိုင်းစနစ်တွင် အချိန်ဇယားသတ်မှတ်ခြင်း အသုံးပြု၍ ချိန်ညှိခြင်း၊ Check-in ပြုလုပ်ခြင်းနှင့် Check-out ပြုလုပ်ခြင်း

အသုံးပြုသူများအနေဖြင့် အင်တာနက်ချိတ်ဆက်နိုင်မှုကို လတ်တလောမရမီ အချိန်ဇယား Slotများအတွင်း Check-Inနှင့် Check-Out လုပ်နိုင်ရန်အတွက် အော့ဖ်လိုင်းစနစ်အတွင်း အချိန်ဇယားသတ်မှတ်ခြင်း အက်ပလီကေးရှင်းက ပံ့ပိုးပေးသည်။ **Offline EVV Configuration (အော့ဖ်လိုင်း EVV ချိန်ညှိခြင်း)** ရွေးချယ်မှုကို Dashboard (ဒက်ရှ်ဘုတ်)ပေါ်တွင် အသုံးပြုနိုင်ပြီး PIN (ပင်နံပါတ်) ရိုက်ထည့်ခြင်းဖြင့် အော့ဖ်လိုင်းအကောင့်ကို activate ပြုလုပ်ရန် အသုံးပြုနိုင်မည်။ ဤရွေးချယ်မှုသည် သက်ဆိုင်ရာအေဂျင်စီအတွက် Offline Scheduling (အော့ဖ်လိုင်းစနစ်တွင် အချိန်ဇယားသတ်မှတ်ခြင်း) စနစ် ဖွင့်ထားသော အသုံးပြုသူများအတွက် ရရှိနိုင်မည်ဖြစ်သည်။။

- **အော့ဖ်လိုင်း EVV ချိန်ညှိခြင်း**
- **အချိန်ဇယားသတ်မှတ်ထားသည့် Slot ဖန်တီးခြင်းနှင့် Check-In/Check-Out ပြုလုပ်ခြင်း**
- **အွန်လိုင်စနစ်မှ Slot များကို အော့ဖ်လိုင်းစနစ်သို့ ရွှေ့ပြောင်းခြင်း**
- **အော့ဖ်လိုင်း EVV Slot များကို အပ်ဒ်လုဒ်ခြင်း**
- **အော့ဖ်လိုင်း EVV Slotများကို ဝက်ဘ်မှ ရှာဖွေခြင်း**



© Therap Services 2003 – 2020.

## အော့ဖ်လိုင်း EVV ချိန်ညှိခြင်း

1. သက်ဆိုင်ရာ အေဂျင်စီအတွက် ရွေးချယ်မှုကို ဖွင့်ထားပါက **Offline EVV Configuration (အော့ဖ်လိုင်း EVV ချိန်ညှိခြင်း)** ရွေးချယ်မှုသည် Dashboard (ဒက်ရှ်ဘုတ်) ပေါ်တွင် ပေါ်လာလိမ့်မည်။






© Therap Services 2003 – 2020.

2. **Offline EVV Configuration (အော့ဖ်လိုင်း EVV ချိန်ညှိခြင်း)** လင့်ခ်ကို ရွေးချယ်ပြီးနောက် အော့ဖ်လိုင်းအကောင့်ကို PIN (ပင်နံပါတ်) ရိုက်ထည့်ပြီး activate ပြုလုပ်နိုင်သည်။






© Therap Services 2003 – 2020.

3. အော့ဖ်လိုင်းစနစ်ဖွင့်လိုက်သည်နှင့် လုပ်ဆောင်ချက်အောင်မြင်ကြောင်း အသိပေးချက်ပေါ်လာမည်။






© Therap Services 2003 – 2020.

4. Offline Scheduling (အော့ဖ်လိုင်း အချိန်ဇယားသတ်မှတ်ခြင်း) ကို ချိန်ညှိလိုက်သည်နှင့် **Switch to Offline login (အော့ဖ်လိုင်းစနစ် အကောင့်ဝင်ခြင်းသို့ ပြောင်းလဲခြင်း)** လင့်ခ်သည် Login (အကောင့်သို့ ဝင်ရောက်ခြင်း) သည့် စာမျက်နှာပေါ်တွင် ပေါ်လာလိမ့်မည်။






© Therap Services 2003 – 2020.

5. **Switch to Offline Login (အော့ဖ်လိုင်းစနစ် အကောင့်ဝင်ခြင်းသို့ ပြောင်းလဲခြင်း)** လင့်ခ်ကို နှိပ်လိုက်ခြင်းဖြင့် အသုံးပြုသူများအနေဖြင့် PIN (ပင်နံပါတ်) ကို ရိုက်ထည့်ကာ အော့ဖ်လိုင်းအက်ပ်လီကေးရှင်းသို့ အကောင့်ဝင်နိုင်မည့် offline EVV login (အော့ဖ်လိုင်းစနစ် EVV အကောင့်ဝင်ခြင်း) စာမျက်နှာကို အသုံးပြုခွင့်ရစေမည်ဖြစ်သည်။






© Therap Services 2003 – 2020.

## အချိန်ဇယားသတ်မှတ်ထားသည့် Slot ဖန်တီးခြင်းနှင့် Check-In/Check-out ပြုလုပ်ခြင်း

1. Scheduling Offline (အော့ဖ်လိုင်းစနစ်ဖြင့် အချိန်ဇယားသတ်မှတ်ခြင်း) အက်ပလီကေးရှင်း ဝင်ရောက်ပြီးသည်နှင့် **Add New Slot (Slot အသစ်ထည့်မည်)** ကိုနှိပ်၍ Slot အသစ်များထည့်နိုင်သည်။






© Therap Services 2003 – 2020.

2. **Print Schedule (အော့ဖ်လိုင်း အချိန်ဇယား)** လင့်ခ်ကို နှိပ်၍ Slot ID ကို ဝက်ဘ်အက်ပလီကေးရှင်းမှ ရယူနိုင်သည်။






© Therap Services 2003 – 2020.

3. အော့ဖ်လိုင်းစနစ်ဖြင့် သင်သုံးလိုသော အချိန်ဇယား၏ Slot ID ကို ရိုက်ထည့်၍ **OK (အိုကေ)** ကို နှိပ်ပါ။






© Therap Services 2003 – 2020.

4. Slot ID ရိုက်ထည့်လိုက်သည်နှင့်တစ်ပြိုင်နက် pending Check-In (ဆိုင်းငံ Check-In)၊ pending Check-Out (ဆိုင်းငံ Check-Out) တို့နှင့်တကွ အချိန်ဇယားသတ်မှတ်ထားသည့် Slotကို ဖန်တီးမည်ဖြစ်သည်။






© Therap Services 2003 – 2020.

5. Check-in/Check-out လုပ်ဆောင်ချက်များကို လုပ်ဆောင်ခြင်းမရှိသည့် Slot များကို အော့ဖ်လိုင်းစနစ်၌ ဖျက်နိုင်သည်။ Slot ကို ဘယ်ဘက်သို့ ဖိဆွဲလိုက်သည်နှင့် ၎င်းကို အော့ဖ်လိုင်းစနစ်မှ ဖယ်ရှားပြီး ဖြစ်လိမ့်မည်။












© Therap Services 2003 – 2020.

6. အချိန်ဇယား Slot ကို ရွေးချယ်လိုက်ပါက **Check-In**၊ **Check-Out** နှင့် **Cancel (ဖျက်သိမ်းရန်)** လင့်ခ်များပါဝင်သည့် မက်ဆေ့ချ်ကို ပြသလိမ့်မည်။ Slot ကို check in ပြုလုပ်ရန် **Check-In** ကို ရွေးချယ်ပါ။ Slot အတွင်းမှ Check-out လုပ်လိုပါက **Check-Out** ကို ရွေးချယ်ပါ။ **Cancel (ဖျက်သိမ်း)** လင့်ခ်သည် check in ပြုလုပ်ခြင်း သို့မဟုတ် check out ပြုလုပ်ခြင်းမရှိဘဲ Slot မှ ထွက်နိုင်စေမည်။






© Therap Services 2003 – 2020.

7. အချိန်ဇယား Slot များပေါ် ရှိ **Check-In** နှင့်/သို့မဟုတ် **Check-Out** လင့်ခ်များကို နှိပ်လိုက်သည်နှင့် check-in လုပ်သည့် နှင့်/သို့မဟုတ် check-out လုပ်သည့် ရက်စွဲနှင့်အချိန်ကို ပြသမည်။






© Therap Services 2003 – 2020.

8. Scheduling/EVV (အချိန်ဇယားသတ်မှတ်သည့်/EVV) အော့ဖ်လိုင်း အက်ပလီကေးရှင်း အသုံးပြု၍ အချိန်ဇယား Slot အသစ်ကို ရိုက်ထည့်လိုက်သည့်အခါ အသစ်ထည့်ထားသော Slot ဆီသို့ အလိုလျောက် ရွှေ့သွားပါလိမ့်မည်။ Slot အသစ်ကို အရောင်ဖြင့်လည်း ပြထားမည် ဖြစ်သည်။






© Therap Services 2003 – 2020.

9. Scheduling/EVV (အချိန်ဇယားသတ်မှတ်သည့်/EVV) မော်ဂျူး အော့ဖ်လိုင်းအက်ပလီကေးရှင်း အသုံးပြုသည့်အခါ လုပ်ဆောင်မှုမရှိ၍ ကုန်ဆုံးခြင်းကို မိနစ် 30 သတ်မှတ်ထားသည်။ အော့ဖ်လိုင်းသတ်မှတ်ချိန်မကုန်ဆုံးမီ နှစ်မိနစ်အလိုတွင် popup မက်ဆေ့ချ်တစ်စောင် ပေါ်လာမည်။






© Therap Services 2003 – 2020.

## အွန်လိုင်းစနစ်မှ Slot များကို အော့ဖ်လိုင်းစနစ်သို့ ရွှေ့ပြောင်းခြင်း

1. Slot ကို Online (အွန်လိုင်း) စနစ်မှ Offline (အော့ဖ်လိုင်း) စနစ်သို့ ထည့်နိုင်ရန်အတွက် 'Add to Offline (အော့ဖ်လိုင်းစနစ်သို့ ထည့်သွင်းမည်)' ရွေးချယ်မှုကို ထည့်သွင်းပေးထားသည်။
    - ညာဘက်သို့ ပွတ်ဆွဲလိုက်လျှင် Slot ကို အော့ဖ်လိုင်းစနစ်သို့ ပြောင်းပေးလိမ့်မည်။
    - Slot ကို အော့ဖ်လိုင်းစနစ်သို့ ထည့်လိုက်သည်နှင့် အောင်မြင်ကြောင်း မက်ဆေ့ချ် ပေါ်လာလိမ့်မည်။
    - အော့ဖ်လိုင်းစနစ်သို့ ထည့်သွင်းပြီးသား Slot များတွင် ဘယ်ဘက်ရှိ စတင်သည့်အချိန်ကို မှိန်သွားမည်ဖြစ်သည်။
    - အော့ဖ်လိုင်းစနစ်သို့ ထည့်သွင်းထားသည့် Slot များအတွက် စတင်ချိန်နှင့် ကုန်ဆုံးချိန်ကို ပြသထားမည်။












© Therap Services 2003 – 2020.

2. Offline Slots (အော့ဖ်လိုင်း Slot များ) တွင် ထည့်သွင်းပြီးသား Slot ID ကို အသုံးပြုသူက ထည့်သွင်းလိုက်သောအခါ ထို Slot ID ကို အရောင်ဖြင့် ပြသမည်။









© Therap Services 2003 – 2020.

## Offline EVV Slots (အော့ဖ်လိုင်း EVV Slot များ) ကို အပ်ဒ်လုဒ်တင်

1. အော့ဖ်လိုင်း အချိန်ဇယားသတ်မှတ်ခြင်း အက်ပလီကေးရှင်းအသုံးပြုထားသည့် ဝန်ဆောင်မှုများအတွက် check in နှင့် check out ပြုလုပ်ထားသည့် အသုံးပြုသူများအား Therap မိုဘိုင်းလ် အက်ပလီကေးရှင်းကို အင်တာနက်အသုံးပြု၍ အကောင့်ဝင်ရောက်သည်နှင့် ၎င်းတို့၏ EVV Data (EVV ဒေတာများ) အပ်ဒ်လုဒ် တင်ရန် ပြသပါမည်။






© Therap Services 2003 – 2020.

2. **Upload (အပ်ဒ်လုဒ်တင်မည်)** ကို နှိပ်လိုက်သည်နှင့် အော့ဖ်လိုင်းစနစ်မှ Slot များအတွက် ဒေတာများကို စနစ်ပေါ်သို့ အပ်ဒ်လုဒ်တင်သွားလိမ့်မည် ဖြစ်သည်။ အော့ဖ်လိုင်း ဒေတာကို အပ်ဒ်လုဒ်တင်ပြီးနောက် အောင်မြင်ကြောင်း မက်ဆေ့ချ် ပေါ်လာလိမ့်မည်။ အော့ဖ်လိုင်းဒေတာအား လုပ်ဆောင်ရန် မိနစ် 30 အထိ ကြာကောင်းကြာနိုင်သည်။






© Therap Services 2003 – 2020.

**Offline EVV Slots (အော့ဖ်လိုင်း EVV Slot များ)ကို ဝက်ဘ်မှ ရှာဖွေခြင်း**

1. Agency(အေဂျင်စီ) တက်ဘ်၏ Scheduling (အချိန်ဇယားသတ်မှတ်မည်) အပိုင်းအောက်ရှိ **Search Offline Events (အော့ဖ်လိုင်း အစီအစဉ်များ ရှာဖွေမည်)** လင့်ခ်ကို နှိပ်ပါ။




2. Schedule Offline Event Search (အချိန်ဇယားရှိ အော့ဖ်လိုင်း အစီအစဉ် ရှာဖွေမည်) စာမျက်နှာတွင် အသေးစိတ်အချက်အလက်များကို ရိုက်ထည့်၍ **Search (ရှာဖွေမည်)** ခလုတ်ကို နှိပ်ပါ။






© Therap Services 2003 – 2020.

3. Schedule Offline Event Seach (အချိန်ဇယားရှိ အော့ဖ်လိုင်း အစီအစဉ် ရှာဖွေမည်) စာမျက်နှာမှ Offline EVV Slots (အော့ဖ်လိုင်း EVV Slot များ) အား ဆက်၍ ပြသလိမ့်မည်။ Check-In/Out လုပ်ဆောင်မှုအတွက် Schedule Slot (အချိန်ဇယား Slot) ပုံစံကို ဖွင့်ရန် အတန်းကို နှိပ်ပါ။






© Therap Services 2003 – 2020.